MYANMAR INDEPENDENT PRESS COUNCIL

# အပြည်ပြည်ဆိုင်ရာအမှန်တရားနေ့တွင် မြန်မာ သတင်းသမားများကိုအသိအမှတ်ပြုခြင်း

မတ်လ ၂၄ ရက်သည် လူ့အခွင့်အရေးချိုးဖောက်မှုများ နှင့် အမှန်တရားဖော်ထုတ်သူများ၏ဂုဏ်သိက္ခာ နှင့် အမှန်တရားဖော်ထုတ်သူတွေအပေါ်ကျူးလွန်တဲ့ ရာဇဝတ်မှုရပ်တန့်စေရေး နှင့် ပတ်သက်သောအပြည်ပြည်ဆိုင်ရာ အမှန်တရားနေ့ဖြစ်သည်။

ကျွန်ုပ်တို့သည် ဤသို့အရေးကြီးသောနေ့တွင် မြန်မာနိုင်ငံ၏ ရဲစွမ်းသတ္တိရှိသောသတင်းသမားများနှင့်သတင်းမီဒီယာတိုက်များအားချီးကျူးဂုဏ်ပြုခြင်းအားဖြင့်အမှတ်ရကြသည်။ သူတို့၏ အသက် နှင့် အသက်မွေးဝမ်းကျောင်း ကိုရင်းပြီး နေ့စဉ် အမှန်တရားကို ဖော်ထုတ်နေကြရသည်။ ကျွန်ုပ်တို့သည် မြန်မာပြည်၏ “ နိုင်ငံသားသတင်းထောက်များ ”-သာမန်ပြည်သူများ၏ မကြောက်မရွံ့သက်သေခံခြင်း၊ မှတ်တမ်းတင်ခြင်းနှင့်၎င်းတို့၏အတွေ့အကြုံများကိုမျှဝေခြင်းများကိုလည်းချီးကျူးဂုဏ်ပြုပါသည်။၎င်းတို့၏ အံ့မခန်းသောမှတ်တမ်း၊သက်သေများကြောင့် မြန်မာပြည်သူများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းက စစ်တပ်အာဏာသိမ်းမှုကြောင့် ကျူးလွန်ခဲ့သောလူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်သည့် အမှန်တရားကိုလေ့လာတွေ့ရှိနိုင်ရန် အထောက်အကူပြုခဲ့သည်။

သို့သော် သတင်းထောက်များ နှင့် သတင်းမီဒီယာ တိုက်များသည် ယခုအခါအန္တရာယ်များစွာဖြင့်ကြုံတွေ့ရင်ဆိုင်နေရသည်။သတင်းထောက်တဦးချင်းစီသည် ဖမ်းဆီးခြင်းနှင့်ညှင်းပန်းနှိပ်စက်ခြင်းများကို ရင်ဆိုင်ရပြီး၊ သတင်းသမားများစွာသည် မြေအောက်လှုပ်ရှားမှုပုံစံဖြင့် ရုန်းကန်လှုပ်ရှားနေကြသည်။ သတင်းမီဒီယာတိုက် အတော်များများသည် အတင်းအဓမ္မပိတ်ပစ်ခြင်း၊ အမှန်သတင်းများအား အမှောင်ချခြင်းများကို ခံခဲ့ရပြီး ကျန်တဲ့သတင်းတိုက်များမှာလည်း ဝေဖန်ထိုးနှက် ခြင်းခံနေရသည်။ လစာမရခြင်းများကြောင့် သတင်းထောက်များနှင့် ၎င်းတို့၏ မိသားစုများလည်း ခိုကိုးရာမဲ့ချို့တဲ့မှုများကြုံနေရသည်။

သို့ဖြစ်ပါ၍ ယနေ့(အပြည်ပြည်ဆိုင်ရာ အမှန်တရားနေ့) တွင် လွတ်လပ်စွာ ရေးသားထားသည့် မည်သည့်အမှန်သတင်းများအား အမှောင်မချရန်၊ သတင်းထောက်များနှင့်သတင်းမီဒီယာနယ်ပယ်တွင်လုပ်ကိုင်နေကြသူလုပ်သားများအပေါ် စွဲချက်တင်မှုအားလုံးဖယ်ရှားပေးရန်နှင့် ဖမ်းဆီထိန်းသိမ်းခံထားရသည့်သတင်းသမားများကိုချက်ချင်းပြန်လွှတ်ပေးရန် တောင်းဆိုလိုက်ပါသည်။

၁။ ကေဇွန်နွေး (သတင်းထောက်ထောက်- Myanmar Now)
၂။ ရဲမျိုးခန့် (ဓာတ်ပုံသတင်းထောက်-MAP)
၃။ သိန်းဇော် (သတင်းထောက်-AP)
၄။ အောင်ရဲကို (သတင်းထောက် - 7 Day News)
၅။ ဟိန်းပြည့်ဇော် (သတင်းထောက် - Zee Kwat News)
၆။ ရဲရင့်ထွန်း (သတင်းထောက် - Than Taw Sint)
၇။ ကျော်နေမင်း (အယ်ဒီတာချုပ် - Chun Journal)
၈။ လင်းထွန်း (သတင်းထောက် - Yamanya Time)
၉။ အောင်ကျော် ( သတင်းထောက် - DVB)
၁၀။ ဗညားဦး ( သတင်းထောက် - အလွတ်တန်း)
၁၁။ စိုးရာဇာထွန်း ( သတင်းထောက် - အလွတ်တန်း)
၁၂။ မင်းညို (သတင်းထောက် - DVB/ပြည်)
၁၃။ ရွှေရည်ဝင်း (သတင်းထောက် - အလွတ်တန်း)
၁၄။ ဥ◌ာဏ်လင်းထက် ( သတင်းထောက် - တာချီလိတ်မဲခေါင်သတင်းဌာန)
၁၅။ ဟန်စိုးထိုက် ( သတင်းထောက် - တာချီလိတ်သတင်းအေဂျင်စီ)
၁၆။ ကိုဇောင်း (သတင်းထောက် - တာချီလိတ်သတင်းအေဂျင်စီ)
၁၇။ ပြည့်ဖြိုး (ဓာတ်ပုံသတင်းထောက် - အလွတ်တန်း)
၁၈။ နေသန်မောင် ( အယ်ဒီတာ - ကမာရွတ်)
၁၉။ ဟန်သာငြိမ်း (တွဲဖက်တည်ထောင်သူ - ကမာရွတ်)
၂၀။ သန်းထိုက်အောင် (သတင်းထောက် - Mizzima)
၂၁။ မင်းမင်းအောင် (သတင်းထောက် - The Voice)
၂၂။ မေသွယ်အောင် ( သတင်းထောက် - DVB)
၂၃။ အောင်ကိုကိုလတ် (သတင်းထောက် - DVB)

နိုင်ငံတကာအသိုင်းအဝိုင်းက သတင်းထောက်များကို အရေးပေါ်ထောက်ပံ့မှုများ ချက်ချင်းပေးရန်လိုအပ်နေပြီး ယခင်က နည်းလမ်းမျိုးစုံဖြင့် မီဒီယာများကို ထောက်ပံခဲ့ကြသည့် အစိုးရအဖွဲ့အစည်းအများ၊ အလှူရှင်များနှင့် အစိုးမဟုတ်သော အဖွဲ့အစည်းများ စသည့် နိုင်ငံတကာအဖွဲ့အစည်းများမှ သတင်းသမားများ၊ ဆက်လက်ရုန်းကန်လှုပ်ရှားနေသည့် သတင်းတိုက်များ နှင့် ဒစ်ဂျစ်တယ် သတင်းတိုက်သစ်များအား ထိရောက်စွာ အရေးပေါ် ကူညီပေးရန် ကျွန်ုပ် တို့တောင်းဆိုပါသည်။

အကယ်၍ အဖွဲ့အစည်းများ တစ်ခုလုံးကိုကူညီရန် မတတ်နိုင်ခြင်း (သို့) ဆန္ဒမရှိခဲ့သော် ကျေးဇူးပြု၍ သတင်းသမားတစ်ဦးချင်းစီကို တိုက်ရိုက်ကူညီနိုင်ရန် နည်းလမ်းရှာပေးပါ။ လိုအပ်ချက်တွေဟာ အလျင်စလိုဖြစ်နေသောကြောင့် ပုံမှန်လုပ်ငန်းစဉ်များကို ယာယီဘေးဖယ်ထားရန် လိုအပ်သည်။

နိုင်ငံခြားသတင်းမီဒီယာကောင်စီများနှင့် နိုင်ငံတကာသတင်းထောက်များအနေဖြင့် မြန်မာမီဒီယာအတွက် ပိုမိုအရေးဆိုပေးရန်နှင့် အားပေးထောက်ခံပေးရန် သူတို့၏ အစိုးရမှ စစ်တပ်သို့တင်ပြရန် ကျွန်ုပ်တို့အနေဖြင့် တောင်းဆိုလိုက်သည်။

သတင်းထောက်များဟာ  မြန်မာအရေးကို စောင့်ကြည့်တင်ဆက်နေသူများဖြစ် သည့်အပြင် မှန်ကန်သောဒီမိုကရေစီစနစ်၏ အ ခြေခံတစ်ခုဖြစ်ကြပါသည်။  အကယ်၍ သူတို့သာဖိနှိပ်ချုပ်ချယ်ခံနေရလျှင် မြန်မာ ပြည်သူပြည်သားများ နှင့် ကမ္ဘာ့ပြည်သူပြည်သားများ အမှန်တရားကိုသိရှိပို့အတွက် မျှော်လင့်ချက်ဆိုလာလည်း ရှိမည်မဟုတ်ပါ။